## စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါအစားအသောက်များ၌ စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ခွင့်မပြု တာရှည်ခံ ဓာတုပစ္စည်းများ၊ ခွင့်မပြုဆိုးဆေးများ ပါဝင်မှုနှင့် ခွင့်ပြု အစားအသောက်ထပ်ဖြည့် ပစ္စည်းများအား သတ်မှတ်ပမာဏထက် ပိုမိုကျော်လွန် သုံးစွဲထားသည်တို့ကြောင့် အစားအသောက်များကို ရေရှည်စားသုံးမိပါက အစာအိမ်၊ အသည်း၊ ကျောက်ကပ်များ ပျက်စီးနိုင်ခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ပါသဖြင့် ယခုဖော်ပြထားသော အစားအသောက်များကို နောက်ထပ်ကြေညာချက် ထုတ်ပြန်သည်အထိ စားသုံးခြင်း မပြုရန် အသိပေးအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများ၊ ခွင့်မပြုတာရှည်ခံဓာတုပစ္စည်းများကို လုံးဝအသုံးမပြုရန်၊ ခွင့်ပြုအစားအသောက်ထပ်ဖြည့်ဓာတုပစ္စည်းများကို သတ်မှတ်ပမာဏအတွင်းသာ အသုံးပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

### ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အမှတ်တံဆိပ်မပါ အစားအသောက်နမူနာများစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | ထုပ်ပိုးပုံနှင့် အရွယ်အစား | တွေ့ရှိသည့်နေရာ | ခွင့်မပြုဆိုးဆေးပါဝင်မှု/ တာရှည်ခံပစ္စည်းသုံးမှု |
|---|---|---|---|---|
| ၁။ | Orange Flavoured Soft Drink | 300ml/ Plastic Bottle | မြို့မဈေး၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |
| ၂။ | Lemon Flavoured Soft Drink | 300ml/ Plastic Bottle | မြို့မဈေး၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |
| ၃။ | အချိုရည် (အနီရောင်) | Plastic Cup | မြို့မဈေး၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အမှတ်တံဆိပ်မပါ အစားအသောက်နမူနာများစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | ထုပ်ပိုးပုံနှင့် အရွယ်အစား | တွေ့ရှိသည့်နေရာ | ခွင့်မပြုဆိုးဆေးပါဝင်မှု/ တာရှည်ခံပစ္စည်းသုံးမှု |
|---|---|---|---|---|
| ၄။ | အချိုရည် (အဝါရောင်) | Plastic Cup | မြို့မဈေး၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |
| ၅။ | အချိုရည် (လိမ္မော်ရောင်) | Plastic Cup | မြို့မဈေး၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |
| ၆။ | အချိုရည် (အစိမ်းရောင်) | Plastic Cup | မြို့မဈေး၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |
| ၇။ | အချိုရည် (အပြာရောင်) | Plastic Cup | မြို့မဈေး၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |
| ၈။ | မှျစ်နီ | Plastic Pack | မြို့မဈေး၊ ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ် | **ခွင့်မပြုဆိုးဆေး Auramine O ပါဝင်နေပါသည်။** |
| ၉။ | အရောင်တင်မှုန့် | Plastic Pack | မြို့မဈေး၊ ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ် | **ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။** |
| ၁၀။ | မန်ကျည်း ထန်းလျက် | Plastic Pack | မြို့မဈေး၊ ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ် | **ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။** |
| ၁၁။ | မှျစ်နီ | Plastic Pack | ဘန်းယဉ်ဈေး၊ ဆီဆိုင်မြို့နယ်၊ ရှမ်းပြည်နယ် | **ခွင့်မပြုဆိုးဆေး Auramine O ပါဝင်နေပါသည်။** |

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန